ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

## မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ဦးဆောင်ကော်မတီ (Myanmar Extractive Industries Transparency Initiative Leading Committee) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တွင်းထွက်သယံဇာတအရင်းအမြစ်များ ပိုမိုကောင်းမွန်စွာစီမံအုပ်ချုပ်နိုင်စေရန်လည်းကောင်း၊ ပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသောရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖန်တီးပြီး အရည်အသွေးမြင့်မားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန်လည်းကောင်း၊ တွင်းထွက်သယံဇာတကဏ္ဍမှရရှိသော အခွန်ဘဏ္ဍာငွေများနှင့် လုပ်ငန်းများအား ပွင့်လင်းမြင်သာစွာအများပြည်သူသို့ အသိပေးရန်လည်းကောင်း၊ တွင်းထွက်သယံဇာတနှင့်ဆက်စပ်သောအခွန်အခစနစ်များ၊ ပြည်သူ့ဘဏ္ဍာစီမံအုပ်ချုပ်မှုစနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များပိုမိုအားကောင်းစေရန်လည်းကောင်း တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ခြင်းကိစ္စရပ်များကို နိုင်ငံတော်ကိုယ်စား ဦးစီးဆောင်ရွက်နိုင်ရန်အတွက် "မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ (Myanmar Extractive Industries Transparency Initiative Leading Committee)" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် လက်တွေ့အကျိုးရှိပြီး ပြည်သူများအတွက် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေးကိုရှေးရှုသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို သတ်မှတ်ခြင်း၊

(ခ) တွင်းထွက်သယံဇာတကဏ္ဍ ပိုမိုကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင်အထည်ဖော်ရန်အလို့ငှာ လိုအပ်သည့်လုပ်ငန်းကော်မတီကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) နိုင်ငံတကာ EITI အဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းထားသော တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးစံနှုန်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များနှင့် အရပ်ဘက်

အဖွဲ့အစည်းကိုယ်စားလှယ်များပါဝင်သော သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Myanmar EITI Multi-stakeholder Group-MEITI-MSG) ကို ဖွဲ့စည်းခြင်းနှင့် ထိုသုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MEITI-MSG) ကို ဦးဆောင်မည့်ဥက္ကဋ္ဌနှင့် လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည့် ညှိနှိုင်းရေးတာဝန်ခံ (Coordinator) အဖြစ် Renaissance Institute ခန့်အပ်တာဝန်ပေးခြင်း၊

(ယ) မြန်မာနိုင်ငံကို EITI အဖွဲ့ဝင်လောင်းနိုင်ငံ (Candidate Country) အဆင့်မှ EITI တင်းပြည့်အဖွဲ့ဝင်နိုင်ငံ (Compliant Country) ဖြစ်စေရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် )

**တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **တရားခံလွှဲပြောင်းရေးဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**တရားခံလွှဲပြောင်းရေးဥပဒေ (မူကြမ်း)**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်
(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တရားခံလွှဲပြောင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်နှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံနှင့်ဖြစ်စေ၊ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော တရားခံလွှဲပြောင်းရေးကိစ္စနှင့်သက်ဆိုင်သည့် ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံနှင့်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံနှင့်ဖြစ်စေ၊ ယင်းစာချုပ်မရှိစေကာမူ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်ရရှိပြီးနောက် ယင်းနိုင်ငံနှင့်ဖြစ်စေ တရားခံလွှဲပြောင်းရေးနှင့်သက်ဆိုင်စေရမည်။